| | | ၃၈ | တာမွေ | ဒေါက်တာမိမိတင် | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၁-၅၅၈၃၀ | ၀၉-၄၂၀၁၂၉၁၉၃ |
| | | ၃၉ | သာကေတ | ဒေါက်တာသိန်းထွန်း | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၁-၅၅၆၈၃၉ | ၀၉-၄၉၂၄၂၁၄ |
| | | ၄၀ | သံလျင် | ဒေါက်တာမြကြေးမုံ | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၅၆-၂၁၅၁၁ | ၀၉-၄၅၂၂၉၃၅၂၆ |
| | | ၄၁ | သဃ်န်းကျွန်း | ဒေါက်တာစောအောင်ရွှေဖြူ | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၁-၅၆၄၁၆၁ | ၀၉-၄၂၈၁၇၂၀၀၀ |
| | | ၄၂ | သုံးခွ | ဒေါက်တာဇော်ဝင်းသန်း | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၅၆-၄၀၃၉၅ | ၀၉-၇၇၁၂၃၁၇၈ |
| | | ၄၃ | တွံ့တေး | ဒေါက်တာသင်းသင်းကြည် | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၄၅-၅၀၄၄၃ | ၀၉-၄၂၀၀၂၄၈၄၈ |
| | | ၄၄ | ရန်ကင်း | ဒေါက်တာသီသီလတ် | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၁-၅၆၆၄၈၂ | ၀၉-၅၁၂၄၇၃၉ |
| ၉ | ရောဝတီ | ၁ | ပုသိမ်မြို့နယ် | ဒေါက်တာတင်ဝင်းအောင် | မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး | ၀၄၂-၂၁၂၅၉ | ၀၉-၉၇၁၁၆၁၅၁ |
| | | ၂ | ကန်ကြီးထောင့်မြို့နယ် | ဒေါက်တာရီရီခင် | မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး | ၀၄၂-၄၅၁၈၂ | ၀၉-၅၀၉၅၆၅၂ |
| | | ၃ | ကျောင်းကုန်းမြို့နယ် | ဒေါက်တာအေးနိုင် | မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး | ၀၄၆-၂၂၄၀၁၁၆ | ၀၉-၂၅၀၈၁၉၉၉၇ |
| | | ၄ | ရေကြည်မြို့နယ် | ဒေါက်တာဇော်အောင် | မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး | ၀၄၆-၅၂၄၁၅ | ၀၉-၇၇၈၂၆၁၄၄၅ |
| | | ၅ | ကျုံပျော်မြို့နယ် | ဒေါက်တာတင်ဇော်ဝင်း | မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး | ၀၄၆-၅၆၀၅၂ | ၀၉-၅၃၆၀၁၆၂ |
| | | ၆ | သာပေါင်းမြို့နယ် | ဒေါက်တာဝင်းမီမီနိုင် | မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီး | ၀၄၆-၄၃၀၃၀ | ၀၉-၄၂၀၀၄၁၆၄၆ |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | စဉ် | မြို့နယ် | အမည် | ရာထူး | Office Phone | Mobile Phone |
|---|---|---|---|---|---|---|---|
| | | | | | ဌာနမှူး | | |
| | | ၇ | ငပုတောမြို့နယ် | ဒေါက်တာဟန်ညွန့် | မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး | ၀၄၂-၄၄၁၀၉ | ၀၉-၇၈၇၇၀၇၆၆၉ |
| | | ၈ | ဟင်္သာတမြို့နယ် | ဒေါက်တာအေးသန္တာကြည် | မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီး ဌာနမှူး | ၀၄၄-၂၁၀၉၆ | ၀၉-၂၀၃၃၃၉၄ |
| | | ၉ | မြန်အောင်မြို့နယ် | ဒေါက်တာအောင်ဝင်း | မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး | ၀၄၄-၅၀၃၄၃ | ၀၉-၄၅၀၂၅၂၂၃ |
| | | ၁၀ | ကြံခင်းမြို့နယ် | ဒေါက်တာဝင်းနိုင် | မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး | ၀၄၄-၄၀၁၀၂ | ၀၉-၄၄၈၀၁၉၆၈၃ |
| | | ၁၁ | အင်္ဂပူမြို့နယ် | ဒေါက်တာမင်းကျော်သူရအောင် | မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး | ၀၄၄-၃၀၀၈၀ | ၀၉-၇၈၅၃၈၄၃၇၄ |
| | | ၁၂ | လေးမျက်နှာမြို့နယ် | ဒေါက်တာစုစုလှိုင် | မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး | ၀၄၄-၂၁၉၇၃ | ၀၉-၉၇၆၉၃၈၀၀၈ |
| | | ၁၃ | ဇလွန်မြို့နယ် | ဒေါက်တာခင်ဌေးမြင့် | မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး | ၀၄၄-၃၅၀၂၈ | ၉၀၁၂၉၇၅၀ |
| | | ၁၄ | မြောင်းမြမြို့နယ် | ဒေါက်တာတင့်တင့်ကျော် | ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီး ဌာနမှူး | ၄၂၇၁၂၉၁ | ၀၉-၄၂၂၅၂၂၄၀၃ |
| | | ၁၅ | ဝါးခယ်မမြို့နယ် | ဒေါက်တာရွှေဝါမြင့် | မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး | ၀၄၂-၆၀၁၀၆ | ၀၉-၉၇၅၉၉၇၆၂၂ |
| | | ၁၆ | အိမ်မဲမြို့နယ် | ဒေါက်တာမျိုးကျော်အောင် | မြို့နယ်ပြည်သူ့ကျန်းမာရေး | ၀၄၂-၈၅၁၁၆ | ၀၉-၄၂၅၃၄၄၈၉၉ |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | စဉ် | မြို့နယ် | အမည် | ရာထူး | Office Phone | Mobile Phone |
|---|---|---|---|---|---|---|---|
| | | | | | ဦးစီးဌာနမှူး | | |
| | | ၁၇ | လပွတ္တာမြို့နယ် | ဒေါက်တာနှစ်ဆန်းဦး | ခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး | ၀၄၂-၈၁၀၂၄ | ၀၉-၂၅၄၀၁၉၉၃၃ |
| | | ၁၈ | မော်လမြိုင်ကျွန်းမြို့နယ် | ဒေါက်တာစန်းဝင်း | ဆေးရုံအုပ် | ၀၄၂-၅၀၀၇၂ | ၀၉-၄၅၀၀၃၀၄၇၄ |
| | | ၁၉ | မအူပင်မြို့နယ် | ဒေါက်တာကျော်ဇင် | ဆေးရုံအုပ်ကြီး | ၀၄၅-၃၀၁၀၃ | ၀၉-၇၈၇၇၆၀၃၂၇ |
| | | ၂၀ | ညောင်တုန်းမြို့နယ် | ဒေါက်တာစိုးလှိုင်ဦး | မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး | ၀၄၆-၂၀၃၃၄ | ၀၉-၇၉၉၈၄၄၁၁၈ |
| | | ၂၁ | ဓနုဖြူမြို့နယ် | ဒေါက်တာကျော်မြင့် | မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး | ၀၄၆-၂၃၁၁၃ | ၀၉-၂၃၇၇၃၈၇၆၅ |
| | | ၂၂ | ပန်းတနော်မြို့နယ် | ဒေါက်တာအေးမင်းသန်း | မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး | ၀၄၆-၃၀၂၁၇ | ၀၉-၅၃၁၁၉၆၄ |
| | | ၂၃ | ဖျာပုံမြို့နယ် | ဒေါက်တာသိန်းထွန်းဝင်း | မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး | ၀၄၅-၄၀၀၂၅ | ၀၉-၉၆၇၆၃၃၅၉၉ |
| | | ၂၄ | ကျိုက်လတ်မြို့နယ် | ဒေါက်တာမင်းသိန်း | မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး | ၀၄၅-၄၈၀၅၄ | ၀၉-၅၀၂၆၅၄၀ |
| | | ၂၅ | ဘိုကလေးမြို့နယ် | ဒေါက်တာစုစုလှိုင် | မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး | ၀၄၅-၄၅၈၁၂ | ၀၉-၄၅၁၂၃၉၉၅၆ |
| | | ၂၆ | ဒေးဒရဲမြို့နယ် | ဒေါက်တာဇော်ဝင်းနိုင် | မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး | ၀၄၅-၅၆၀၈၂ | ၀၉-၉၇၄၂၆၅၆၇၁ |
| ၁၀ | မကွေး | ၁ | မကွေးမြို့ | ဒေါက်တာဥမ္မာအေး | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၆၃-၂၀၂၃၈၁၆ | ၀၉-၄၃၀၀၉၁၉၀ |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | စဉ် | မြို့နယ် | အမည် | ရာထူး | Office Phone | Mobile Phone |
|---|---|---|---|---|---|---|---|
| | | | | | | ၀၆၃-၂၀၂၅၁၅၅ | |
| | | ၂ | တောင်တွင်းကြီးမြို့နယ် | ဒေါက်တာကြည်ကြည်မာ | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၆၃-၅၀၄၇၄ | ၀၉-၇၈၈၅၃၉၄၈၄ |
| | | ၃ | ချောက်မြို့နယ် | ဒေါက်တာမျိုးသက်ဦး | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၆၁-၂၀၀၅၁၁ | ၀၉-၂၁၃၂၁၁၅ |
| | | ၄ | ရေနံချောင်းမြို့နယ် | ဒေါက်တာဆန်းထွန်း | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၆၂-၁၅၁၁ | ၀၉-၄၀၃၇၃၆၀၈၄ |
| | | ၅ | နတ်မောက်မြို့နယ် | ဒေါက်တာဝင်းစည်သူ | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၆၃-၆၉၅၁၁ | ၀၉-၉၅၁၃၈၈၃၅၆<br>၀၉-၄၀၂၅၈၁၅၂၄ |
| | | ၆ | မြို့သစ်မြို့နယ် | ဒေါက်တာသန့်ဇော်မြင့် | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၆၃-၅၀၄၉၃ | ၀၉-၄၂၂၄၅၀၀၅၁<br>၀၉-၉၇၁၆၁၆၀၀၁ |
| | | ၇ | မင်းဘူးမြို့နယ် | ဒေါက်တာတင့်နိုင် | ဆေးရုံအုပ်ကြီး | ၀၆၅-၂၁၅၁၁ | ၀၉-၅၁၄၄၅၇၂ |
| | | ၈ | စလင်းမြို့နယ် | ဒေါက်တာမောင်မောင်ပြေ | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၆၃-၄၂၃၁၁ | ၀၉-၅၃၁၁၄၁၈ |
| | | ၉ | ပွင့်ဖြူမြို့နယ် | ဒေါက်တာမင်းသိမ်း | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၆၃-၆၀၄၇၆ | ၀၉- |
| | | ၁၀ | ငဖဲမြို့နယ် | ဒေါက်တာထင်ကျော် | မြို့နယ်ကျန်းမာရေးဦးစီးမှူး | | ၀၉-၅၃၆၃၅၄၆<br>၀၉-၇၆၅၃၆၃၅၄၆ |
| | | ၁၁ | စေတုတ္တရာမြို့နယ် | ဒေါက်တာသန်းသန်းချစ် | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၆၅-၂၀၂၇၀၁၆ | ၀၉- |
| | | ၁၂ | သရက်ခရိုင် | ဒေါက်တာလှထွန်း | ခရိုင်ကျန်းမာရေးဦးစီးမှူး | ၀၆၈-၂၁၅၁၁<br>၀၆၈၂၁၀၁၄ | ၀၉-၂၁၅၇၇၁၅၂၄ |
| | | ၁၃ | အောင်လံမြို့နယ် | ဒေါက်တာမျိုးလွင် | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၆၉-၂၀၀၅၁၁ | ၀၉-၂၀၃၄၆၇၇<br>၀၉-၉၆၀၂၆၇၆၅၀ |
| | | ၁၄ | မင်းလှမြို့နယ် | ဒေါက်တာစန်းစန်းမိုး | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၆၅-၄၅၅၁၁ | ၀၉-၂၅၆၀၄၉၇၈၁ |
| | | ၁၅ | ဆင်ပေါင်ဝဲမြို့နယ် | ဒေါက်တာစိုးကိုကိုဇော် | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၆၉-၄၀၀၅၅ | ၀၉-၄၄၁၀၀၉၂၂၇ |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | စဉ် | မြို့နယ် | အမည် | ရာထူး | Office Phone | Mobile Phone |
|---|---|---|---|---|---|---|---|
| | | ၁၆ | မင်းတုန်းမြို့နယ် | ဒေါက်တာထွန်းလင်းအောင် | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၆၈-၄၀၀၁၃ | ၀၉-၇၉၁၈၈၀၆၇၈ |
| | | ၁၇ | ကံမမြို့နယ် | ဒေါက်တာအေးအေးလင်း | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၆၈-၅၀၁၂၈ | ၀၉-၂၅၀၁၁၇၂၂၁ |
| | | ၁၈ | ပခုက္ကူမြို့နယ် | ဒေါက်တာမြတ်မြတ်မိုး | ဆေးရုံအုပ်ကြီး | ၀၆၂-၂၁၁၄၇ | ၀၉-၇၈၇၀၀၃၇၇၁ |
| | | ၁၉ | ရေစကြိုမြို့နယ် | ဒေါက်တာဝင်းနီလာလှ | ဆေးရုံအုပ်ကြီး | ၀၆၂-၃၀၃၁၁ | ၀၉-၂၀၂၃၅၃၄ |
| | | ၂၀ | မြိုင်မြို့နယ် | ဒေါက်တာသူရဇော် | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၆၂-၄၀၃၁၁ | ၀၉-၉၇၄၇၆၃၉၃၃ |
| | | ၂၁ | ပေါက်မြို့နယ် | ဒေါက်တာအေးပပစိုးရီ | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၆၂-၄၅၂၁၁ | ၀၉-၄၄၉၁၂၇၃၅၅ |
| | | ၂၂ | ဆိပ်ဖြူမြို့နယ် | ဒေါက်တာဇော်အောင် | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၆၁-၃၀၃၀၃ | ၀၉-၂၅၀၉၄၉၃၃၁ |
| | | ၂၃ | ဂန့်ဂေါခရိုင် | ဒေါက်တာအောင်ဆန်းမင်း | ခရိုင်ကျန်းမာရေးဦးစီးမှူး | ၀၆၂-၅၀၃၁၁ | ၀၉-၉၇၄၇၇၂၁၄၀ |
| | | ၂၄ | ဆောမြို့နယ် | ဒေါက်တာအံ့ထူးလှိုင် | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၉-၆၅၆၅၅၄၄ | ၀၉-၄၉၃၅၄၁၅၆ |
| | | ၂၅ | ထီးလင်းမြို့နယ် | ဒေါက်တာရဲခေါင် | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၉-၆၅၆၅၇၂၁ | ၀၉-၂၅၆၅၃၄၄၄၈ |
| ၁၁ | တနင်္သာရီ | ၁ | ထားဝယ်မြို့နယ် | ဒေါက်တာဥက္ကာ | ဒု-ခရိုင်ကျန်းမာရေးဦးစီးမှူး | ၀၅၉-၂၂၂၁ | ၀၉-၅၁၀၂၃၇၆ |
| | | ၂ | ရေဖြူမြို့နယ် | ဒေါက်တာခင်မျိုး | မြို့နယ်ကုသရေးဦးစီးမှူး | ၀၅၉-၃၇၀၃၁ | ၀၉-၇၇၀၇၆၇၀၁၁ |
| | | ၃ | လောင်းလုံးမြို့နယ် | ဒေါက်တာသူဇာဝင်း | မြို့နယ်ကုသရေးဦးစီးမှူး | ၀၅၉-၃၃၀၉၀ | ၀၉-၄၅၀၉၉၅၀၇၁ |
| | | ၄ | သရက်ချောင်းမြို့နယ် | ဒေါက်တာသူရဇော် | မြို့နယ်ကုသရေးဦးစီးမှူး | ၀၅၉-၃၅၁၀၁ | ၀၉-၅၁၄၄၁၃၅ |
| | | ၅ | မြိတ်မြို့နယ် | ဒေါက်တာလွင်လွင်မွန် | ခရိုင်ကျန်းမာရေးဦးစီးမှူး | ၀၅၉-၄၂၅၂၄ | ၀၉-၉၆၀၄၇၀၈၈၇ |
| | | ၆ | ပုလောမြို့နယ် | ဒေါက်တာပြုံးချို | မြို့နယ်ကုသရေးဦးစီးမှူး | ၀၅၉-၃၀၃၁၄ | ၀၉-၄၅၀၉၉၄၇၄၆ |
| | | ၇ | ကျွန်းစုမြို့နယ် | ဒေါက်တာကျော်ကျော်စိုး | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၅၉-၆၂၀၁၅ | |
| | | ၈ | တနင်္သာရီမြို့နယ် | ဒေါက်တာလင်းထိုက် | မြို့နယ်ကုသရေးဦးစီးမှူး | ၀၅၉-၅၅၁၁၉ | ၀၉-၄၂၅၂၆၉၄၄၆ |
| | | ၉ | ကော့သောင်းမြို့နယ် | ဒေါက်တာခင်ဇော် | ခရိုင်ကျန်းမာရေးဦးစီးမှူး | ၀၅၉-၅၁၉၉၃ | ၀၉-၂၆၀၄၀၅၆၁၅ |
| | | ၁၀ | ဘုတ်ပြင်းမြို့နယ် | ဒေါက်တာထွန်းထွန်းကျော် | မြို့နယ်ကုသရေးဦးစီးမှူး | ၀၅၉-၅၀၀၂၅ | ၀၉-၄၄၂၄၅၆၀၁၁ |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | စဉ် | မြို့နယ် | အမည် | ရာထူး | Office Phone | Mobile Phone |
|---|---|---|---|---|---|---|---|
| ၁၂ | မွန် | ၁ | ကျိုက်ထို | ဒေါက်တာ စောကလျာ | မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီး ဌာနမှူး | ၀၅၇-၆၀၀၀၈ | ၀၉-၅၀၇၅၀၅၁ |
| | | ၂ | ဘီးလင်း | ဒေါက်တာမိုးကျော်သူ | မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီး ဌာနမှူး | ၀၅၇-၆၄၀၁၈ | ၀၉-၄၂၈၁၅၇၆၂၅ |
| | | ၃ | သထုံ | ဒေါက်တာ သန်းဦး | မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီး ဌာနမှူး | | ၀၉-၉၇၉၈၉၉၀၂၅ |
| | | ၄ | ပေါင် | ဒေါက်တာခင်မောင်ကြည် | မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီး ဌာနမှူး | ၀၅၇ ၄၇၀၈၁ | ၀၉-၂၅၀၄၂၅၁၇၁ |
| | | ၅ | မော်လမြိုင် | ဒေါက်တာ မျိုးဇာနည်ဦး | (ခေတ္တ)မြို့နယ်ပြည်သူ့ကျန်းမာ ရေးဦးစီးဌာနမှူး | ၀၉-၇၇၆၇၀၄၇၀၅ | ၀၉-၂၅၄၅၄၇၆၈၈ |
| | | ၆ | မုဒုံ | ဒေါက်တာ မြင့်သိန်းဦး | မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီး ဌာနမှူး | ၀၅၇-၇၀၀၂၅ | ၀၉-၂၀၀၃၄၀၉ |
| | | ၇ | သံဖြူဇရပ် | ဦးခင်မောင်လတ် | ကျန်းမာရေးမှူးအဆင့်(၁) | ၀၅၇-၇၉၀၂၀ | ၀၉-၉၇၀၇၆၀၇၀၉ |
| | | ၈ | ရေး | ဒေါက်တာ သက်ပိုင် | မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီး ဌာနမှူး | ၀၅၇-၅၀၀၁၁ | ၀၉-၄၀၃၇၁၃၃၁၇ |
| | | ၉ | ကျိုက်မရော | ဒေါက်တာ ကျော်ဝင်းဇော် | မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီး ဌာနမှူး | ၀၅၇-၈၆၀၀၈ | ၀၉-၂၅၅၇၁၆၅၆၀ |
| | | ၁၀ | ချောင်းဆုံ | ဒေါက်တာ သူဇာဝင်း | မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာ နမှူး | ၀၅၇-၈၀၀၀၇ | ၀၉-၄၅၀၉၉၅၀၇၁ |
| ၁၃ | ရှမ်း (ရှေ့) | ၁ | မိုင်းဆတ်မြို့နယ် | ဒေါက်တာအောင်ဇေယျ | ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ | ၀၈၄-၆၀၂၁၈ | ၀၉-၂၆၃၉၀၇၇၇၉ |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | စဉ် | မြို့နယ် | အမည် | ရာထူး | Office Phone | Mobile Phone |
|---|---|---|---|---|---|---|---|
| | | | | | မှူး | | |
| | | ၂ | မိုင်းတုံမြို့နယ် | ဒေါက်တာသက်ခိုင်မင်း | မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး | ၀၉-၂၅၀၉၅၀၇၂၂ | ၀၉-၇၇၈၈၅၆၃၆၉ |
| | | ၃ | တာချီလိတ်မြို့ | ဒေါက်တာခင်ကျော် | ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး(အသစ်) | ၀၈၄-၅၁၄၈၆ | ၀၉-၄၄၄၂၉၀၉၆ |
| | | ၄ | မိုင်းယောင်းမြို့နယ် | ဒေါက်တာမင်းသိန်း | မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး | ၀၈၄-၆၅၀၀၈ | ၀၉-၂၅၀၂၅၂၃၅၂ |
| | | ၅ | မိုင်းခတ်မြို့နယ် | ဒေါက်တာဝေလင်းဖိုလ် | မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး | ၀၉-၄၉၀၃၈၅၇၆ | ၀၉-၂၆၅၂၂၀၅၄၆ |
| | | ၆ | မိုင်းယန်းမြို့နယ် | ဒေါက်တာဖြိုးထွဋ်ဘိုဘိုထွန်း | မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး | | ၀၉-၄၂၂၅၂၈၇၄၀ |
| | | ၇ | မိုင်းပျဉ်းမြို့နယ် | ဒေါက်တာစိုင်းစိုးဟိန်း | မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး | ၀၈၄-၇၀၀၀၅ | ၀၉-၄၂၈၃၆၂၂၆၃ |
| | | ၈ | ကျိုင်းတုံမြို့နယ် | ဒေါက်တာသက်မြင့် | မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး | | ၀၉-၇၈၈၃၁၈၁၂၀ |
| | | ၉ | မိုင်းဖြတ်မြို့ | ဒေါက်တာကျော်မျိုးဇော် | မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး | ၀၈၄-၆၃၀၂၆ | ၀၉-၇၉၇၇၉၄၅၆၉ |
| | | ၁၀ | မက်မန်းမြို့နယ် | ဒေါက်တာအောင်ကိုဝင်း | မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး | | ၀၉-၂၀၁၆၆၇၇ |


| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | စဉ် | မြို့နယ် | အမည် | ရာထူး | Office Phone | Mobile Phone |
|---|---|---|---|---|---|---|---|
| | | ၁၁ | မိုင်းလားမြို့နယ် | ဒေါက်တာစိုးညီညီ | မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး | | ၀၉-၂၅၃၀၉၅၂၂၃ |
| ၁၄ | ရှမ်း(နောက်) | ၁ | လားရှိုးမြို့နယ် | ဒေါက်တာအေးနိုင် | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၈၂-၂၃၄၁၈ | ၀၉-၂၆၂၇၄၉၉၀၅ |
| | | ၂ | သိန်းနီမြို့နယ် | ဒေါက်တာဇော်မိုးအောင် | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၈၂-၆၃၀၁၀ | ၀၉-၂၅၅၉၀၀၇၃၇ |
| | | ၃ | တန့်ယန်းမြို့နယ် | ဒေါက်တာအောင်ဇော်ဦး | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၈၂-၃၈၂၁၁ | ၀၉-၂၅၆၄၆၄၀၈၀ |
| | | ၄ | မိုင်းရယ်မြို့နယ် | ဒေါက်တာသီရိထွန်း | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၈၂-၂၂၆၈၀၃၇ | ၀၉-၄၀၃၇၃၆၃၉၉ |
| | | ၅ | ကွမ်းလုံမြို့နယ် | ဒေါက်တာအုပ်စိုးလင်း | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၈၂-၇၀၁၀၅ | ၀၉-၄၁၀၂၅၆၃၂၀ |
| | | ၆ | ကျောက်မဲမြို့နယ် | ဒေါက်တာကျော်မိုးထွန်း | ခရိုင်ကျန်းမာရေးဦးစီးမှူး | ၀၈၂-၄၀၀၆၇ | ၀၉-၅၃၄၂၆၀၀ |
| | | ၇ | သီပေါမြို့နယ် | ဒေါက်တာနန္ဒဝင်း | ခရိုင်ကျန်းမာရေးဦးစီးမှူး | ၀၈၂-၈၀၀၁၆ | ၀၉-၂၅၀၇၃၉၉၀ |
| | | ၈ | နောင်ချိုမြို့နယ် | ဒေါက်တာကိုကို | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၈၂-၈၅၀၀၂ | ၀၉-၅၂၃၀၄၁၉ |
| | | ၉ | နောင်ချိုမြို့နယ် | ဒေါက်တာနိုင်ဝင်းအောင် | မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး | ၀၈၂-၈၅၀၀၂ | ၀၉-၇၉၇၅၅၁၂၁၄ |
| | | ၁၀ | နမ္မတူမြို့နယ် | ဒေါက်တာမျိုးအောင် | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၈၂-၈၇၅၁၁ | ၀၉-၂၆၀၃၀၉၉၆၆ |
| | | ၁၁ | မန်တုံမြို့နယ် | ဒေါက်တာရဲညွန့် | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၈၂-၃၂၀၀၂၈ | ၀၉-၇၉၄၄၇၁၆၄၆ |
| | | ၁၂ | နမ့်ဆန်မြို့နယ် | ဒေါက်တာဇော်သိန်းကျော် | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၈၂-၈၉၀၀၅ | ၀၉-၄၃၀၃၄၂၈၃ |
| | | ၁၃ | မိုးမိတ်မြို့နယ် | ဒေါက်တာနေဝင်းလှိုင် | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၈၆-၄၅၀၀၉ | ၀၉-၄၂၃၇၁၆၉၆၇ |
| | | ၁၄ | မဘိမ်းမြို့နယ် | ဒေါက်တာကိုကိုနိုင် | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၉-၄၀၃၇၂၂၄၅၂ | ၀၉-၄၄၀၈၉၃၀၄၄ |
| | | ၁၅ | မူဆယ်မြို့နယ် | ဒေါက်တာမျိုးဇော် | ခရိုင်ကျန်းမာရေးဦးစီးမှူး | ၀၈၂-၅၁၅၁၁ | ၀၉-၂၀၄၃၂၃၈ |
| | | ၁၆ | နမ့်ခမ်းမြို့နယ် | ဒေါက်တာစိုင်းလှတင် | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၈၂-၆၁၅၁၈ | ၀၉-၂၅၉၀၃၅၂၅၃ |
| | | ၁၇ | ကွတ်ခိုင်မြို့နယ် | ဒေါက်တာဝင့်ဝင့်မြိုင် | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၈၂-၆၂၇၃၅ | ၀၉-၅၂၃၂၀၆၅ |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | စဉ် | မြို့နယ် | အမည် | ရာထူး | Office Phone | Mobile Phone |
|---|---|---|---|---|---|---|---|
| | | ၁၈ | ဟိုပန်မြို့နယ် | ဒေါက်တာအုန်းဝင်း | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၈၂-၇၄၀၁၈ | ၀၉-၄၄၅၃၈၄၉၄၄ |
| | | ၁၉ | လောက်ကိုင်မြို့နယ် | ဒေါက်တာဇော်ထွန်းငြိမ်း | ခရိုင်ကျန်းမာရေးဦးစီးမှူး | ၀၈၂-၃၂၅၁၁ | ၀၉-၇၉၆၆၆၈၄၈၂ |
| | | ၂၀ | ကုန်းကြမ်းမြို့နယ် | ဒေါက်တာစိန်ဝင်း | မြို့နယ်ကျန်းမာရေးဦးစီးမှူး | | ၀၉-၄၄၀၂၇၈၁၆၂ |
| ၁၅ | ရှမ်း(တောင်) | ၁ | တောင်ကြီးမြို့နယ် | ဒေါက်တာမိုးထွန်း | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၈၁-၂၁၂၁၂၈၄ | ၀၉-၄၂၈၃၅၉၈၆၉ |
| | | ၂ | ဟိုပုံးမြို့နယ် | ဒေါက်တာမောင်မောင်သိန်း | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၈၁-၄၆၀၃၁ | ၀၉-၂၅၇၆၅၉၉၁ |
| | | ၃ | ဆီဆိုင်မြို့နယ် | ဒေါက်တာသန်းထွဋ်ဦး | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၈၁-၄၉၀၁၁ | ၀၉-၇၈၈၉၂၉၇၇၈ |
| | | ၄ | ညောင်ရွှေမြို့နယ် | ဒေါက်တာကောင်းမြတ် | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၈၁-၂၀၉၀၀၄ | ၀၉-၄၂၈၃၅၁၅၄၀ |
| | | ၅ | ရပ်စောက်မြို့နယ် | ဒေါက်တာသိန်းအောင် | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၈၁-၂၀၄၀၇၂ | ၀၉- ၄၀၂၆၅၉၄၇၅ |
| | | ၆ | ပင်းတယမြို့နယ် | ဒေါက်တာမို့မို့ကြည် | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၈၁-၆၆၀၁၅ | ၀၉-၂၆၅၁၉၈၂၅၅ |
| | | ၇ | ရွာငံမြို့နယ် | ဒေါက်တာခွန်ဝင်းလတ် | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၈၁-၆၈၀၀၄ | ၀၉-၄၀၂၅၃၅၆၈ |
| | | ၈ | ကလောမြို့နယ် | ဒေါက်တာစန်းလှိုင် | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၈၁-၅၀၁၅၅ | ၀၉-၅၆၀၀၉၂၇ |
| | | ၉ | ပင်လောင်းမြို့နယ် | ဒေါက်တာခင်သိန်းထွေး | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၈၁-၅၄၀၀၄ | ၀၉-၇၇၇၉၅၅၇၇၇ |
| | | ၁၀ | လဲချားမြို့နယ် | ဒေါက်တာဇင်မောင်နွယ် | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၈၁-၃၂၀၁၈ | ၀၉-၇၇၇၀၆၅၆၄၆ |
| | | ၁၁ | မိုင်းကိုင်မြို့နယ် | ဒေါက်တာစိုင်းထွန်းလှိုင်း | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၉-၇၅၀၆၇၈၅၁၃ | ၀၉-၂၅၆၃၄၇၄၅၅ |
| | | ၁၂ | ကွန်ဟိန်းမြို့နယ် | ဒေါက်တာခင်မောင်ရင် | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၈၁-၈၄၀၁၀ | ၀၉-၄၂၈၃၇၆၀၀၀ |
| | | ၁၃ | မိုင်းရှူးမြို့နယ် | ဒေါက်တာကျော်ဇင်ထွန်း | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၉-၇၅၀၆၇၈၅၁၅ | ၀၉-၄၂၈၁၄၆၁၆၂ |
| | | ၁၄ | မိုးနဲ မြို့နယ် | ဒေါက်တာဇင်မီမီဟန် | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၉-၇၅၀၆၇၈၅၁၉ | ၀၉-၉၇၃၆၄၄၀၈၈ |
| | | ၁၅ | လင်းခေးမြို့နယ် | ဒေါက်တာမောင်မောင်သန်း | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၈၁-၈၇၀၀၄ | ၀၉-၂၅၃၁၀၆၄၂၅ |
| | | ၁၆ | မောက်မယ်မြို့နယ် | ဒေါက်တာမြမြသန်း | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၉-၇၅၀၆၇၈၅၂၁ | ၀၉-၂၅၁၀၂၈၄၂၀ |
| | | ၁၇ | ကျေးသီးမြို့နယ် | ဒေါက်တာမောင်မောင်မြတ်ဗိုလ်သူ | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၈၁-၄၂၉၀၆၂၂ | ၀၉-၅၀၂၇၂၀၀ |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | စဉ် | မြို့နယ် | အမည် | ရာထူး | Office Phone | Mobile Phone |
|---|---|---|---|---|---|---|---|
| | | ၁၈ | လှိုင်လင်မြို့နယ် | ဒေါက်တာဇော်လင်း | ခရိုင်ကျန်းမာရေးဦးစီးမှူး | ၀၈၁-၃၁၀၀၁၂ | ၀၉-၄၂၈၃၆၁၇၂၀ |
| | | ၁၉ | နမ့်စန်မြို့နယ် | ဒေါက်တာအောင်နိုင်ဦး | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၈၁-၈၀၀၁၃ | ၀၉-၄၀၀၄၂၉၂၂၁ |
| | | ၂၀ | မိုင်းပန်မြို့နယ် | ဒေါက်တာတင်ခိုင် | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၉-၇၅၀၆၇၈၅၂၀ | ၉၂၂၁၀၆၁၈ |
| | | ၂၁ | ဖယ်ခုံမြို့နယ် | ဒေါက်တာကျော်ကျော်ဦး | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၈၁-၅၆၀၀၆ | ၀၉-၂၂၂၁၉၁ |
| ၁၆ | နေပြည်တော် | ၁ | ပျဉ်းမနားမြို့နယ် | ဒေါက်တာမြင့်ကျော် | ဆေးရုံအုပ်ကြီး | ၀၆၇-၂၂၃၀၉ | ၀၉-၂၅၆၀၆၄၁၂၃ |
| | | ၂ | လယ်ဝေးမြို့နယ် | ဒေါက်တာဖြူဖြူဝင်း | ဆေးရုံအုပ် | ၀၆၇-၄၁၉၀၈၆ | ၀၉-၂၅၀၂၅၈၈၉ |
| | | ၃ | ဇမ္ဗူသီရိမြို့နယ် | ဒေါက်တာအုပ်စိုးလင်း | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၆၇-၄၁၃၆၇၅၀ | ၉၄၀၂၅၆၉၃၂၀ |
| | | ၄ | ဒက္ခိဏသီရိမြို့နယ် | ဒေါက်တာတင်မြထွေး | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၆၇-၈၁၀၇၈၁၁ | ၀၉-၄၃၀၅၃၂၇၆ |
| | | ၅ | တပ်ကုန်းမြို့နယ် | ဒေါက်တာထွန်းထွန်း | ဆေးရုံအုပ် | ၀၆၇-၇၀၀၈၁ | ၀၉-၄၂၉၂၅၁၂၅၉ |
| | | ၆ | ဇေယျာသီရိမြို့နယ် | ဒေါက်တာမောင်မောင်ချင်း | မြို့နယ်ကျန်းမာရေးဦးစီးမှူး | | ၀၉-၄၄၉၆၇၃၉၉၇ |
| | | ၇ | ပုဗ္ဗသီရိမြို့နယ် | ဒေါက်တာသိမ့်သိမ့်ထွေး | မြို့နယ်ကျန်းမာရေးဦးစီးမှူး (ယာယီ) | ၀၆၇-၅၀၀၀၀၃ | ၀၉-၇၉၉၂၀၈၀၀၄ |
| | | ၈ | ဥတ္တရသီရိမြို့နယ် | ဒေါက်တာအေးမြတ်ဝင်း | မြို့နယ်ကျန်းမာရေးဦးစီးမှူး | ၀၆၇-၄၁၇၂၃၈ | ၀၉-၄၄၂၆၀၀၇၉၇ |
| ၁၇ | ရခိုင် | ၁ | စစ်တွေမြို့နယ် | ဒေါက်တာကြည်ကြည်သာ | မြို့နယ်ကျန်းမာရေးဦးစီးမှူး | | ၀၉-၄၅၀၅၄၂၀၇၉ |
| | | ၂ | ပုဏ္ဏားကျွန်းမြို့နယ် | ဒေါက်တာအောင်စစ်ထွန်း | မြို့နယ်ကျန်းမာရေးဦးစီးမှူး | | ၀၉-၄၂၁၇၂၆၃၉၉ |
| | | ၃ | ရသေ့တောင်မြို့နယ် | ဒေါက်တာတင်မြင့်ဦး | မြို့နယ်ကျန်းမာရေးဦးစီးမှူး | | ၀၉-၄၅၀၅၃၉၉၉၇ |
| | | ၄ | ပေါက်တောမြို့နယ် | ဒေါက်တာကိုကိုအောင် | မြို့နယ်ကျန်းမာရေးဦးစီးမှူး | | ၀၉-၄၃၁၄၂၄၁၃ |
| | | ၅ | မောင်တောမြို့နယ် | ဒေါက်တာကျော်မောင်မောင်သိန်း | ခရိုင်/မြို့နယ်ဦးစီးမှူး | | ၀၉-၄၅၀၂၂၆၈၇၄ |
| | | ၆ | ဘူးသီးတောင်မြို့နယ် | ဒေါက်တာစောမင်းသိန်း | မြို့နယ်ကျန်းမာရေးဦးစီးမှူး | | ၀၉-၄၂၁၇၁၅၄၇၅ |
| | | ၇ | မြောက်ဦးမြို့နယ် | ဒေါက်တာခင်မောင်သန်း | ခရိုင်/မြို့နယ်ဦးစီးမှူး | | ၀၉-၂၆၄၃၆၈၁၂၄ |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | စဉ် | မြို့နယ် | အမည် | ရာထူး | Office Phone | Mobile Phone |
|---|---|---|---|---|---|---|---|
| | | ၈ | ကျောက်တော်မြို့နယ် | ဒေါက်တာသန်းထွန်းဦး | မြို့နယ်ကျန်းမာရေးဦးစီးမှူး | | ၀၉-၂၅၀၂၃၉၂၀၁ |
| | | ၉ | မင်းပြားမြို့နယ် | ဒေါက်တာနေဝင်းထွန်း | မြို့နယ်ကျန်းမာရေးဦးစီးမှူး | | ၀၉-၂၅၃၁၈၈၉၄၃ |
| | | ၁၀ | မြေပုံမြို့နယ် | ဒေါက်တာနေလင်းထွေး | မြို့နယ်ကျန်းမာရေးဦးစီးမှူး | | ၀၉-၂၅၅၈၂၉၁၉၉ |
| | | ၁၁ | ကျောက်ဖြူမြို့နယ် | ဒေါက်တာရဲလွင်မောင် | ခရိုင်/မြို့နယ်ဦးစီးမှူး | | ၀၉-၂၅၃၄၇၁၃၆၀ |
| | | ၁၂ | ရမ်းဗြဲမြို့နယ် | ဒေါက်တာအောင်နိုင်စိုး | မြို့နယ်ကျန်းမာရေးဦးစီးမှူး | | ၀၉-၄၂၈၅၃၀၃၀၆ |
| | | ၁၃ | မာန်အောင်မြို့နယ် | ဒေါက်တာသန်းထွန်း | မြို့နယ်ကျန်းမာရေးဦးစီးမှူး | | ၀၉-၄၂၁၇၅၄၁၆၁ |
| | | ၁၄ | အမ်းမြို့နယ် | ဒေါက်တာအောင်ကျော်မိုး | မြို့နယ်ကျန်းမာရေးဦးစီးမှူး | | ၀၉-၂၅၀၁၂၅၃၉၉ |
| | | ၁၅ | သံတွဲမြို့နယ် | ဒေါက်တာထွန်းထွန်းဝင်း | ခရိုင်/မြို့နယ်ဦးစီးမှူး | | ၀၉-၅၁၃၂၆၉၈၀၉ |
| | | ၁၆ | တောင်ကုတ်မြို့နယ် | ဒေါက်တာလုထွန်းဇော် | မြို့နယ်ကျန်းမာရေးဦးစီးမှူး | | ၀၉-၂၅၀၂၅၁၂၅၁၉၁ |
| | | ၁၇ | ဂွမြို့နယ် | ဒေါက်တာကောင်းစံမြတ် | မြို့နယ်ကျန်းမာရေးဦးစီးမှူး | | ၀၉-၂၅၀၃၂၁၉၁၅ |

၁၃။ မဲရုံများတွင် ကျန်းမာရေးဆိုင်ရာစံသတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်နိုင်ရန် ပြင်ဆင်ထားရှိရမည့် စံပြပုံစံ



ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

ပြည်သူ့ကျန်းမာရေးဦးစီးဌာန

# အထွေထွေရွေးကောက်ပွဲကျင်းပရာတွင် COVId-19 ရောဂါကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများ ဆန်းစစ်မှုပုံစံ

နေ့စွဲ ---------------------------

ဆန်းစစ်သည့် နေရာ ____________________

| စဉ် | အကြောင်းအရာ | ဆောင်ရွက်ထားရှိမှုအခြေအနေ | |
|---|---|---|---|
| | | ရှိ | မရှိ |
| ၁။ မဲရုံပြင်ဆင်ရာတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များ | | | |
| က | မဲရုံအားလေဝင်လေထွက် ကောင်းမွန်ပြီးနေရာကျယ်ဝန်းသည့် စာသင်ကျောင်းနှင့် အခြားသင့်တော်သည့် နေရာများတွင် ထားရှိခြင်း၊ | | |
| ခ | လူဦးရေထူထပ်မှုမရှိစေရန် မဲရုံအားအဝင်တစ်လမ်း၊ အထွက်တစ်လမ်း ကြိုတင်ပြင်ဆင် ထားရှိခြင်း၊ | | |
| ဂ | မဲရုံအပြင်ဘက် တန်းစီသည့်နေရာအား တစ်နေရာတည်း သတ်မှတ်၍ တန်းစီစေခြင်း၊ သို့မဟုတ် လူဦးရေများသောမဲရုံများတွင် (၂) တန်း တန်းစီစေခြင်း၊ | | |
| ဃ | အသက်အရွယ်ကြီးရင့်သူများ၊ ကလေးသူငယ်ဖြင့် လာသူများနှင့် မသန်စွမ်းများအတွက် ဦးစားပေး တန်းစီစနစ်ဖြင့် ခွင့်ပြုခြင်း၊ | | |
| င | တန်းစီခြင်းစနစ်အတွက် ကြိုး၊ ဝါးလုံးတန်း၊ တိပ်စသည့် ဒေသအလိုက် သင့်တော်မည့် အကာအရံစနစ်ဖြင့် အသုံးပြုခြင်း၊ | | |
| စ | မဲရုံပြင်ပတွင်တန်းစီရာတွင် စီမံခန့်ခွဲရန်အတွက် မဲရုံဝန်ထမ်း (သို့) စေတနာ့ဝန်ထမ်းတစ်ဦးတာဝန်ချထားခြင်း၊ | | |
| ဆ | တန်းမစီသည့်လူများတွင် စုဝေးစကားပြောခြင်းစသည့် လူစုလူဝေးကိစ္စရပ်များအား ထိန်းချုပ်ရန် စေတနာ့ဝန်ထမ်း (သို့) မဲရုံဝန်ထမ်း ထားရှိခြင်း၊ | | |
| ဇ | မဲရုံပြင်ပနှင့် မဲရုံအတွင်း တစ်ဦးနှင့်တစ်ဦး ကွာခြားရမည့် အကွာအဝေးကို (၆) ပေခြား သတ်မှတ်သည့် အမှတ်အသားများထားရှိဆောင်ရွက်ခြင်း၊ | | |
| ဈ | မဲရုံပရဝုဏ်အတွင်းတွင် မဲဆန္ဒရှင်ပြည်သူများနှင့် အခြားသူများ အသုံးပြုနိုင်ရန်အတွက် လက်ဆေးရန် နေရာများ သတ်မှတ် ဆောင်ရွက်ခြင်း၊ | | |

| စဉ် | အကြောင်းအရာ | ဆောင်ရွက်ထားရှိမှုအခြေအနေ | |
|---|---|---|---|
| | | ရှိ | မရှိ |
| ည | မဲရုံအတွင်းတွင် ရေမလို လက်သန့်ဆေးရည်များထားရှိခြင်း၊ (မဲရုံ အဝင်ဝခုံတွင် တစ်ဗူး၊ ဆန္ဒမဲပေးပြီးချိန်တွင် အသုံးပြုရန် မဲပုံးများ အနီးတွင် တစ်ဗူးစီ) | | |
| ဋ | မဲရုံနှင့် မဲရုံသုံးပစ္စည်းများအား ရွေးကောက်ပွဲမကျင်းပမီ တစ်နေ့နှင့် ရွေးကောက်ပွဲကျင်းပပြီး နောက်နေ့တွင် ပိုးသန့်စင်ခြင်း လုပ်ငန်းဆောင်ရွက်ရန် စီစဉ်ထားရှိခြင်း၊ | | |
| ဌ | မဲရုံအတွင်း ပါတီကိုယ်စားလှယ်များ၊ အကူကိုယ်စားလှယ်များ၊ လေ့လာသူများ၊ သတင်းမီဒီယာသမားများ၏ ထိုင်ခုံနေရာများအား (၆) ပေခြားသတ်မှတ်၍ လုပ်ငန်းများ ဆောင်ရွက်စေခြင်း၊ | | |
| ၂။ မဲရုံဝန်ထမ်းများနှင့် လုပ်အားပေးများလိုက်နာဆောင်ရွက်ရမည့် အချက်များ | | | |
| က | မဲရုံအတွင်း တာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း Mask, Face shield, Glove များ မဖြစ်မနေ ဝတ်ဆင်ခြင်း၊ (ဝတ်ဆင်ရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ပါးစပ်နှင့်နှာခေါင်းစည်း (Mask) စနစ်တကျဝတ်ဆင်ခြင်း (၃၀-၄-၂၀၂၀) အတိုင်း တိကျစွာလိုက်နာရန် သိရှိခြင်း) | | |
| ခ | မဲရုံဝင်ပေါက်တွင် အဖျားတိုင်းတာမည့်သူအနေဖြင့် Mask, Face shield, Glove များအပြင် Apron အသုံးပြုခြင်း၊ | | |
| ဂ | မဲရုံဝင်ပေါက်တွင် အဖျားတိုင်းတာရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန် ထားသော COVID-19 Infrared (Non-touch) အပူချိန်တိုင်းကိရိယာကို အသုံးပြု၍ အပူချိန် တိုင်းတာခြင်းလုပ်ငန်းလမ်းညွှန် (၄-၅-၂၀၂၀) အတိုင်း တိကျစွာလိုက်နာရန် သိရှိခြင်း) | | |
| ဃ | မဲလာပေးသူ တစ်ဦးဦးတွင် အပူချိန် (၃၈) ဒီဂရီ စင်တီဂရိတ်ထက် မြင့်တက်နေပါက (၁၅) မိနစ်ခန့် စောင့်ခိုင်းပြီး အဖျားပြန်လည်တိုင်းတာ၍ အပူချိန်ဆက်လက်မြင့်တက်နေပါက သက်ဆိုင်ရာမဲရုံမှူးနှင့် ကျန်းမာရေးတာဝန်ရှိသူများအား အသိပေး၍ လမ်းညွှန်ချက်များအတိုင်း ဆောက်ရွက်ရန် သိရှိခြင်း | | |
| င | မိမိကိုယ်တိုင် (သို့မဟုတ်) မိမိ မိသားစုဝင်များ/ မိမိနှင့် အနီးကပ်ထိတွေ့သူများတွင် အဖျားရောဂါရှိခြင်း (သို့မဟုတ်) အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်ပွားနေပါက မဲရုံတွင် တာဝန်မထမ်းဆောင်ဘဲ ခွင့်တိုင်ကြားရန် လိုအပ်ကြောင်း သိရှိခြင်း၊ | | |
| စ | တာဝန်စတင် ထမ်းဆောင်ချိန်၊ ထမင်းစားနားသည့်အချိန်၊ | | |

| စဉ် | အကြောင်းအရာ | ဆောင်ရွက်ထားရှိမှုအခြေအနေ | |
|---|---|---|---|
| | | ရှိ | မရှိ |
| | လက်အိတ်ချွတ်ပြီးပြန်ဝတ်သည့် အချိန်နှင့် တာဝန်ပြီးဆုံးသည့်အချိန်များတွင် လက်သန့်စင်ဆေးရည် အသုံးပြုရမည်ကို သိရှိခြင်း၊ | | |
| ဆ | မဲပေးရန်လာရောက်မည့်သူများအား မဖြစ်မနေ Mask တပ်ဆင်ရန် တိုက်တွန်းဆောင်ရွက်ခြင်း၊ Mask မပါလာပါက Mask များအခမဲ့ ပေးဝေရန် စီစဉ်ထားခြင်း၊ | | |
| ဇ | မဲပေးရန်လာရောက်သူများ၏ နိုင်ငံသားမှတ်ပုံတင်ကတ်ပြား (သို့) မဲပေးရန် သက်သေခံလက်မှတ်အား ပလပ်စတစ်အိတ်ဖြင့် ထည့်မလာပါက ပလပ်စတစ်အိတ်များ အခမဲ့ပေး ဝေရန် စီစဉ်ထားရှိခြင်း၊ | | |
| ဈ | မဲရုံအတွင်း မဲဆန္ဒရှင်များ၏ မဲပေးချိန် ကြာမြင့်မှုမရှိစေရေး အတွက် အချိန်သတ်မှတ်၍ မဲပေးနိုင်ရေး စီစဉ်ထားရှိရန် သိရှိခြင်း၊ (ဥပမာ- လမ်းအလိုက်၊ ရပ်ကွက်အလိုက် အချိန် သတ်မှတ်ခြင်း) | | |
| ည | အသက်ကြီးသူ၊ မသန်စွမ်းသူ၊ မကျန်းမာသူနှင့် ကလေး သူငယ်ပါသူများကို ဦးစားပေးရန်အတွက် စီစဉ်ထားရှိရန် သိရှိခြင်း၊ | | |
| **၃။ မဲပေးရန် လာရောက်သည့် မဲဆန္ဒရှင်များ (သို့) ကြိုတင်မဲပေးမည့် မဲဆန္ဒရှင်များ လိုက်နာရမည့် အချက်များ** | | | |
| က | မဲပေးရန် လာရောက်သည့် မဲဆန္ဒရှင်များအနေဖြင့် မဖြစ်မနေ Mask တပ်ဆင်၍ လာရောက်ခြင်း၊ | | |
| ခ | မဲရုံပရဝုဏ်အတွင်းရှိ လက်ဆေးရန် နေရာတွင် ဆပ်ပြာဖြင့် စက္ကန့် (၂၀) ကြာ စနစ်တကျ လက်ဆေးခြင်း၊ | | |
| ဂ | မဲရုံအဝင်ဝတွင်အဖျားတိုင်းတာခြင်းလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ခြင်း၊ | | |
| ဃ | မဲပေးသူ တစ်ဦးနှင့်တစ်ဦး (၆) ပေ အကွာအဝေးဖြင့် စနစ်တကျ တန်းစီစောင့်ဆိုင်းခြင်းနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း၊ | | |
| င | နိုင်ငံသားမှတ်ပုံတင်ကတ်ပြား (သို့) မဲပေးရန် သက်သေခံလက်မှတ်အား ပလပ်စတစ်အိတ်ဖြင့် စနစ်တကျ ပြသရန် အတွက် ပူးပေါင်းဆောင်ရွက်ခြင်း၊ | | |
| စ | မဲရုံအတွင်း မဲပေးနေစဉ်ကာလအတွင်း လက်သန့်စင်ဆေးရည်ဖြင့် မဲရုံအဝင်ဝတွင် (၁) ကြိမ်၊ မဲဆန္ဒပုံးများတွင် ဆန္ဒပြုပြီးတိုင်း (၁)ကြိမ်၊ အနည်းဆုံး (၅)ကြိမ် ဆေးကြော ဆောင်ရွက်ခြင်း၊ | | |
| ဆ | မိမိကိုယ်တိုင်တွင် အဖျားနှင့် အသက်ရှုလမ်းကြောင်းဆိုင်ရာ | | |

| စဉ် | အကြောင်းအရာ | ဆောင်ရွက်ထားရှိမှုအခြေအနေ | |
|---|---|---|---|
| | | ရှိ | မရှိ |
| | ရောဂါလက္ခဏာများရှိနေ ပါက မဲရုံတာဝန်ရှိသူများအား ကြိုတင်အသိပေးခြင်း၊ | | |
| **၄။ အထွေထွေလိုက်နာဆောင်ရွက်ရမည့် အချက်များ** | | | |
| က | မဲရုံအဝင် လူအများမြင်သာသည့်နေရာတွင် COVID-19 ရောဂါ ပညာပေးပိုစတာများ ထားရှိခြင်း၊ | | |
| ခ | မဲဆန္ဒရှင်များအား လက်သန့်စင်ရေးအတွက်လူဦးရေ (၅၀) ဦးလျှင်လက်သန့်ဆေးရည် (500 ml) ဖြင့် တွက်ချက်ထားရှိ ဆောင်ရွက်ခြင်း၊ | | |
| ဂ | မဲရုံနှင့် မဲရုံသုံးပစ္စည်းများအား ပိုးသန့်စင်ခြင်းများ လုပ်ငန်းဆောင်ရွက်ရန် ဆေးပစ္စည်းများ ထားရှိခြင်း၊ | | |
| ဃ | မဲရုံအတွင်း တာဝန်ထမ်းဆောင်နေစဉ် ကာလအတွင်း ဝတ်ဆင်ရန် လိုအပ်သော Mask၊ Face shield၊ Glove၊ Apron များ လုံလောက်စွာ (အရန်လိုအပ်ချက် အပါအဝင်) ထားရှိခြင်း၊ | | |
| င | မဲပေးရန်လာရောက်မည့်သူများအား ပေးဝေရန် Mask၊ ပလပ်စတစ်အိတ်များ လုံလောက်စွာ ထားရှိခြင်း၊ | | |

ကွင်းဆင်းကြီးကြပ် ဆောင်ရွက်သူများ -

လက်မှတ် ---------------------------- လက်မှတ် ----------------------------

အမည် -------------------------------- အမည် --------------------------------

ရာထူး--------------------------------- ရာထူး---------------------------------

**အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် COVID-19 ရောဂါကာကွယ်ရေးဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် မဲရုံဝန်ထမ်းများအား သင်တန်းပို့ချမည့်အစီအစဉ်**

**(၃၁-၈-၂၀၂၀) ရက်နေ့ (Version 1.1)**

## ၁။ ရည်ရွယ်ချက်

- ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် မဲရုံဝန်ထမ်းများအား အထွေထွေရွေးကောက်ပွဲကျင်းပရေးလုပ်ငန်းစဉ် အဆင့်ဆင့်တွင် COVID-19 ရောဂါကူးစက်ဖြစ်ပွားမှုမရှိစေရေးအတွက် ဆောင်ရွက်ရမည့်ထိန်းချုပ်ရေးလုပ်ငန်းများအား သင်ကြားပေးရန်၊

## ၂။ သင်တန်းပို့ချမည့်အစီအစဉ်

(က) သင်တန်းကာလ - (၃)နာရီခန့်

(ခ) သင်ကြားမှု - Video conferencing စနစ်ဖြင့်သင်ကြားပို့ချပေးမည်ဖြစ်ပါသည်။

(ဂ) သင်ကြားမှုအထောက်အကူပြုစာအုပ်စာတမ်းများ

- အထွေထွေရွေးကောက်ပွဲကို ကျင်းပရာတွင် COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့်အညီ အောင်မြင်စွာကျင်းပနိုင်ရန် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်
- အထွေထွေရွေးကောက်ပွဲကျင်းပရာတွင် မဲရုံပြင်ဆင်ထားရှိခြင်းဆန်းစစ်မှုပုံစံ

(ဃ) သင်တန်းပို့ချမည့်သူများနှင့် သင်တန်းသားများ

**ဆရာဖြစ်သင်တန်း**

- ဗဟိုမှ တာဝန်ရှိပုဂ္ဂိုလ်များမှ တိုင်းဒေသကြီး/ပြည်နယ်တစ်ခုမှ ရွေးကောက်ပွဲဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုကော်မတီဝင် (၃)ဦးစီအား ဆရာဖြစ် သင်တန်းပို့ချပေးသွားမည်။

**တိုင်းဒေသကြီးအဆင့် ဆင့်ပွားသင်တန်း**

- ဆရာဖြစ်သင်တန်း တက်ရောက်ထားသူများက ဆင့်ပွားသင်တန်းများကို မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုကော်မတီဝင်များအား မြို့နယ်အလိုက် ပို့ချပေးသွားရန်ဖြစ်ပါသည်။

(င) သင်ခန်းစာများ ပို့ချမည့်အစီအစဉ်

(၁) ကြိုတင်ဆောင်ရွက်ရမည့်လုပ်ငန်းများ (၁) နာရီ

(၁-၁) မဲရုံပြင်ဆင်ရာတွင် အထွေထွေလိုက်နာဆောင်ရွက်ရမည့်အချက်များ

(၁-၂) မဲရုံအပြင်ဘက်တွင် လိုက်ဆောင်ရွက်ရမည့်အချက်များ

(၁-၃) မဲရုံအတွင်း လိုက်ဆောင်ရွက်ရမည့်အချက်များ

(၂) မဲဆန္ဒပေးမည့်နေ့တွင် ဆောင်ရွက်ရန်လုပ်ငန်းများ (၁) နာရီ

(၂-၁) မဲရုံဝန်ထမ်းများနှင့် လုပ်အားပေးများလိုက်နာဆောင်ရွက်ရန်အချက်များ

(၂-၂) မဲပေးရန်လာရောက်သည့် မဲဆန္ဒရှင်များ လိုက်နာရမည့် အချက်များ

(၂-၃) မဲရုံများတွင် ပိုးသတ်သန့်စင်ခြင်းဆိုင်ရာ လိုက်နာရမည့်အချက်များ

(၂-၄) မဲဆန္ဒရှင်များတွင် အဖျားရောဂါလက္ခဏာစောင့်ကြပ်ကြည့်ရှုခြင်းနှင့် အဖျားရှိသာ မဲဆန္ဒရှင်များနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်အချက်များ

(၂-၅) အထူးဆောင်ရွက်ရမည့် ကိစ္စရပ်များ

(၂-၆) Checklist ဖြင့် ကြီးကြပ်ဆောင်ရွက်ရန်

(၂-၇) Video ဖြင့် သရုပ်ပြသင်ကြားခြင်း

- ပိုးသန့်စင်ခြင်းလုပ်ငန်း
- အဖျားတိုင်းတာခြင်း လုပ်ငန်း
- စနစ်တကျလက်ဆေးခြင်း

(၃) အပြီးသတ်ဆောင်ရွက်ရမည့်လုပ်ငန်းများ (၁) နာရီ

(၃-၁) မဲရုံအဖြစ် အသုံးပြုခဲ့သော စာသင်ကျောင်း၊ ဓမ္မာရုံ၊ ကောလိပ်ရှိ အခန်းများအား ပိုးသန့်စင်ခြင်း

(၃-၂) အစီရင်ခံစာပေးပို့ခြင်း

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# ပါးစပ်နှင့် နှာခေါင်းစည်း (MASK)
# စနစ်တကျဝတ်ဆင်ခြင်း

## လိုက်နာရန်



၁ MASK မကိုင်မီ လက်ဆေးပါ

၂ စုတ်ပြဲခြင်း ညစ်ပေခြင်းရှိ/မရှိ စစ်ဆေးပါ

၃ သတ္တုချောင်း (သို့မဟုတ်) ကော်ချောင်း ပါသောဘက်ကို အပေါ်တွင်ထားပါ

၄ အရောင်ပိုရင့်သော မျက်နှာပြင်ကို အပြင်ဘက်တွင်ထားပါ



၅ ပါးစပ်နှင့် နှာခေါင်းကို လုံခြုံစွာဖုံးအုပ်ပါ

၆ MASK ကို ဖယ်ရှားမည်ဆိုလျှင် ကြိုးမှကိုင်၍ ဖယ်ရှားပါ

၇ အဖုံးပါသော အမှိုက်ပုံးထဲတွင်သာ စွန့်ပစ်ပါ

၈ စနစ်တကျ လက်ပြန်ဆေးပါ

## ရှောင်ကြဉ်ရန်



စုတ်ပြဲညစ်ပေနေသော MASK များကို အသုံးမပြုရပါ။

စကားပြောဆိုရန်အတွက် MASKကို လက်ဖြင့်အောက်သို့ လျှော့ချခြင်း၊ မေးတွင် ချိတ်ထားခြင်း မပြုလုပ်ရပါ။

MASKတပ်ပြီးပါက လက်ဖြင့် ကိုင်တွယ်ခြင်း မပြုလုပ်ရပါ။

အသုံးပြုပြီးသား ခွဲစိတ်ခန်းသုံး MASK များကို ပြန်မသုံးရပါ။

မိမိနှင့် ကြီးလွန်း၊ သေးလွန်းသော MASKများကို အသုံးမပြုရပါ။

ပါးစပ်သာ ဖုံးအုပ်ခြင်းနှင့် နှာခေါင်းသာ ဖုံးအုပ်ခြင်းမျိုး မပြုလုပ်ရပါ။

ပါးစပ်နှင့် နှာခေါင်းစည်းတပ်ဆင်ရုံဖြင့် **(COVID-19)**ရောဂါကို အပြည့်အဝ မကာကွယ်နိုင်ပါ။
တစ်ဦးနှင့်တစ်ဦး အနည်းဆုံး(၆)ပေခွာ၍ နေထိုင်ခြင်း၊ လက်ကို ဆပ်ပြာနှင့်ရေတို့ဖြင့် အနည်းဆုံး စက္ကန့်(၂၀)ကြာအောင် မကြာခဏ စနစ်တကျဆေးကြောခြင်းတို့ကို ပူးတွဲပြုလုပ်ရမည်ဖြစ်သည်။

USAID FROM THE AMERICAN PEOPLE
From the People of Japan
World Health Organization
unicef

# Infrared (Non-Touch) အပူချိန်တိုင်းကိရိယာကို အသုံးပြု၍ အပူချိန်တိုင်းတာခြင်းလမ်းညွှန်

(Updated as of 4-5-2020)

## (က) အပူချိန်တိုင်းကိရိယာကို ကြိုတင် စစ်ဆေးပြင်ဆင်ခြင်း

၁။ အပူချိန်တိုင်းကိရိယာ အများစုတွင် လူ့ခန္ဓာကိုယ်အပူချိန် (Body Temperature) တိုင်းတာခြင်းနှင့် အရာဝတ္ထုများ၏ မျက်နှာပြင်အပူချိန် (Surface Temperature) တိုင်းတာခြင်း နှစ်မျိုးပါဝင်လေ့ရှိသောကြောင့် ကိုယ်အပူချိန်တိုင်းရန် (Body Temperature) ကို ရွေးချယ်ပါ။

၂။ အပူချိန်တိုင်းကိရိယာ အမျိုးအစားအလိုက် အသုံးပြုရန်အညွှန်း၊ လိုက်နာရမည့်အချက်များ၊ ဆောင်ရန်/ရှောင်ရန်နှင့် တိကျမှုတို့ ကွဲပြားသည့်အတွက် ဦးစွာစိစစ်မှတ်သားပါ။

၃။ အပူချိန်တိုင်းကိရိယာ၏ တိုင်းတာဖော်ပြချက်များ မှန်၊ မမှန် စမ်းသပ်ကြည့်ပါ။ (အေးသောပစ္စည်း၊ ပူသောပစ္စည်းများကို အပူချိန်ပြောင်းလဲဖော်ပြခြင်း ရှိ/မရှိ စမ်းပါ)

၄။ အပူချိန်တိုင်းကိရိယာ၏ တိုင်းတာဖော်ပြချက်ကို မှန်ကန်အောင် ချိန်ညှိပါ။ (အသုံးပြုနေကျဖြစ်သော ပြဒါးတိုင် (သို့မဟုတ်) အခြားအပူချိန်တိုင်းကိရိယာဖြင့် တိုင်း၍ရသော အဖြေနှင့် တူ/မတူ စိစစ်ပါ၊ မတူညီပါက အသုံးပြုရန် အညွှန်းတွင် ဖော်ပြထားသည့်အတိုင်း ချိန်ညှိပါ၊)

၅။ အပူချိန်တိုင်းကိရိယာကို နေပူထဲတွင် အသုံးပြု၍ မရပါ ။

၆။ ယေဘုယျအားဖြင့် အပူချိန်တိုင်းကိရိယာကို အသုံးပြုရာတွင် အောက်ပါတို့ကို သတိပြုလိုက်နာနိုင်မှ အဖြေတိကျ မှန်ကန်ပါမည်။

၁) အခန်း/ပတ်ဝန်းကျင်အပူချိန်သည် (အပူချိန်တိုင်းကိရိယာ ကောင်းစွာလည်ပတ်ဆောင်ရွက်နိုင်သည့် သတ်မှတ်အပူချိန်ထက်) ပိုလျှင်/လျော့လျှင် အဖြေမမှန်နိုင်ပါ။

၂) အပူချိန်တိုင်းကိရိယာနှင့် အပူချိန်တိုင်းတာခံရမည့်သူများသည် အပူချိန်မတိုင်းမီ အနည်းဆုံး တတ်နိုင်သမျှ (ဥပမာ- မိနစ် (၃၀) ခန့်) တူညီသော ပတ်ဝန်းကျင် အခြေအနေတွင် ရှိရန်လိုသည်။

၃) အပူချိန်တိုင်းတာမည့်နေရာ (နဖူး) ပေါ်တွင် ဆံပင်၊ ချွေးနှင့် အညစ်အကြေးများ ရှိနေပါက ဦးစွာ ဖယ်ရှားစေပြီးမှ တိုင်းတာပါ။

၄) အပူချိန်တိုင်းကိရိယာအလိုက် သတ်မှတ်ထားသော အကွာအဝေးမှသာ တိုင်းတာပါ။ (ကိရိယာအများစုသည် (၁) လက်မ၊ (၂) လက်မ အကွာမှသာ တိုင်းတာ၍ ရပါသည်၊)

၅) အပူချိန်တိုင်းကိရိယာကို တစ်ခါအသုံးပြုပြီးတိုင်း စက်ကိုပိတ်၍ အနည်းဆုံး (၂) မိနစ် စောင့်ပြီးမှ ထပ်မံအသုံးပြုပါ၊

၆) လူတစ်ဦးတည်းကို သေချာစေရန် ထပ်မံတိုင်းတာလိုပါက (၁၅) မိနစ် ခြားပြီးမှ တိုင်းတာပါ၊ (သို့မဟုတ်) အခြားအပူချိန်တိုင်းနည်းလမ်းများကို အသုံးပြုပါ၊

## (ခ) <u>အပူချိန်တိုင်းရာတွင် COVID-19 ရောဂါ ကူးစက်မှုမှကာကွယ်နိုင်ရန် အောက်ဖော်ပြပါ အချက်များလိုက်နာ ဆောင်ရွက်ရန် လိုအပ်ပါသည်။</u>

၁။ တိုင်းတာမည့်သူနှင့် တိုင်းတာခြင်းခံရမည့်သူ နှစ်ဦးစလုံး အကာအကွယ်ဝတ်ဆင်မှုကို သတ်မှတ်ချက်နှင့်အညီ ဝတ်ဆင်ရန် လိုအပ်သည်။ အကာအကွယ်ဝတ်စုံအသီးသီး၏ ဝတ်ဆင်နည်းနှင့် ချွတ်နည်း အဆင့်ဆင့်အား စနစ်တကျ ကြိုတင်လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ပါသည်။

**(၁-က) အပူချိန်တိုင်းတာစစ်ဆေးပေးမည့်သူများနှင့် ရောဂါစမ်းသပ်စစ်ဆေးပေးမည့်သူများ အနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် အောက်ပါအကာအကွယ်များကို ဝတ်ဆင်ရပါမည်။**

- **သာမန်ပြည်သူများကို တိုင်းတာစစ်ဆေးမည်ဆိုပါက -**
  - ခွဲစိတ်ခန်းသုံး ပါးစပ်နှင့်နှာခေါင်းစည်း (Surgical Mask)
  - လက်အိတ် (Glove) တို့ကို ဝတ်ဆင်ရပါမည်။
- **အသွားအလာကန့်သတ်ခံရသူများကို တိုင်းတာစစ်ဆေးမည်ဆိုပါက -**
  - ခွဲစိတ်ခန်းသုံး ပါးစပ် နှင့် နှာခေါင်းစည်း (Surgical Mask)
  - လက်အိတ် (Glove)
  - မျက်နှာကာ (Face Shield)
  - ခါးစည်းရှေ့ကာ (Apron) တို့ကို ဝတ်ဆင်ရပါမည်။
- **ရောဂါရှိသူနှင့် ထိတွေ့ခဲ့ဖူးသူကို တိုင်းတာစစ်ဆေးမည်ဆိုပါက (ကျန်းမာရေးဝန်ထမ်းများမှ ဦးစားပေး တာဝန်ယူ တိုင်းတာစစ်ဆေးသင့်ပါသည်) -**
  - N95 ပါးစပ် နှင့် နှာခေါင်းစည်း
  - လက်အိတ် (Glove)
  - မျက်နှာကာ (Face Shield)
  - အပေါ်ဝတ်ရုံ (Gown) တို့ကို ဝတ်ဆင်ရပါမည်။
- **ရောဂါလက္ခဏာရှိသူများကို တိုင်းတာစစ်ဆေးမည်ဆိုပါက (ကျန်းမာရေးဝန်ထမ်းများမှသာ တိုင်းတာစစ်ဆေးရပါမည်) -**
  - N95 ပါးစပ် နှင့် နှာခေါင်းစည်း
  - လက်အိတ် (Glove)
  - မျက်စိကာ (Goggle )
  - အပေါ်ဝတ်ရုံ (Gown)

- ခါးစည်းရှေ့ကာ (Apron)
- ဖိနပ်ကာ (Foot Cover) တို့ကို ဝတ်ဆင်ရပါမည်။

➢ **ရောဂါပိုးရှိသည်ဟု အတည်ပြုထားသော လူနာများကို တိုင်းတာစစ်ဆေးမည်ဆိုပါက (ကျန်းမာရေးဝန်ထမ်းများမှ တိုင်းတာစစ်ဆေးပါ )-**

- ကူးစက်ရောဂါကာကွယ်ရေးဝတ်စုံ အပြည့်အစုံ (Full PPE ) ဝတ်ဆင်ရပါမည်။

**(၁-ခ) အပူချိန်တိုင်းတာခြင်း တစ်မျိုးတည်းကိုသာ ခံယူရမည့်သူများအနေဖြင့် မိမိထံမှ အခြားသူများထံသို့ ရောဂါပိုး ကူးစက်ခြင်းကို ကာကွယ်နိုင်ရန်အောက်ပါ အကာအကွယ်များကို ဝတ်ဆင်ထားရပါမည်။ (ထိတွေ့မှု ခန့်မှန်းကြာမြင့်ချိန် - (၁၅) မိနစ်နှင့်အောက်)**

➢ **သာမန်ပြည်သူများနှင့် အသွားအလာကန့်သတ်ခြင်းခံရသူများ ဖြစ်ပါက -**

- အဝတ် ပါးစပ်နှင့်နှာခေါင်းစည်း(Cloth Mask) (သို့မဟုတ်) ခွဲစိတ်ခန်းသုံး ပါးစပ်နှင့်နှာခေါင်းစည်း (Surgical Mask) ဝတ်ဆင်ထားသင့်ပါသည်။

➢ **ရောဂါရှိသူနှင့် ထိတွေ့ခဲ့ဖူးသူများ၊ ရောဂါလက္ခဏာရှိသူများနှင့် ရောဂါပိုးရှိသည်ဟု အတည်ပြုထားသောလူနာများ ဖြစ်ပါက -**

- ခွဲစိတ်ခန်းသုံး ပါးစပ်နှင့်နှာခေါင်းစည်း (Surgical Mask) ကိုသာ ဝတ်ဆင်ရပါမည်။

**(၁-ဂ) အပူချိန်တိုင်းတာခြင်းသာမက ရောဂါစမ်းသပ်စစ်ဆေးခြင်းကိုပါ လာရောက်ခံယူမည့်သူများအနေနှင့် အောက်ပါအကာအကွယ်များကို ဝတ်ဆင်ထားရမည်။ (ထိတွေ့မှု ခန့်မှန်းကြာမြင့်ချိန် (၁၅) မိနစ်နှင့်အထက်)**

➢ **သာမန်ပြည်သူများနှင့် အသွားအလာကန့်သတ်ခံရသူများ ဖြစ်ပါက -**

- အဝတ် ပါးစပ်နှင့်နှာခေါင်းစည်း(Cloth Mask) (သို့မဟုတ်) ခွဲစိတ်ခန်းသုံး ပါးစပ်နှင့်နှာခေါင်းစည်း (Surgical Mask) ဝတ်ဆင်ထားသင့်ပါသည်။


➢ **ရောဂါရှိသူနှင့် ထိတွေ့ခဲ့ဖူးသူများ၊ ရောဂါလက္ခဏာရှိသူများနှင့် ရောဂါပိုးရှိသည်ဟု အတည်ပြုထားသောလူနာများဖြစ်ပါက -**

- ခွဲစိတ်ခန်းသုံး ပါးစပ်နှင့်နှာခေါင်းစည်း (Surgical Mask) ကိုသာ ဝတ်ဆင်ရပါမည်။


**(ဂ) စနစ်တကျ အပူချိန်တိုင်းတာရန်အတွက် -**

၁။ တိုင်းတာမည့်သူသည် အပူချိန်တိုင်းကိရိယာကို ညာဘက်လက်ဖြင့်ကိုင်၍ တိုင်းတာခံရမည့်သူ၏ ညာဖက်ခြမ်းတွင် နေရာယူပါ။ (ဘယ်လက်ဖြင့်တိုင်းလျှင် ဘယ်ဖက်ခြမ်းတွင်နေရာယူပါ။)

၂။ တိုင်းတာမည့်သူနှင့် အတိုင်းခံရမည့်သူသည် လက်တဆန့် (၃) ပေဝန်းကျင် ကွာဝေးရမည်ဖြစ်ပြီး မျက်စောင်းထိုး အနေအထား (၄၅°) (သို့မဟုတ်) ဘေးစောင်းအနေအထား (၉၀°) ဖြစ်ရမည်။ **(မျက်နှာချင်းဆိုင်၍ (လုံးဝ) မတိုင်းရပါ။)**




(ပုံ-၁) သာမန်ပြည်သူများကို တိုင်းတာခြင်းပုံစံ




(ပုံ - ၂) အသွားအလာကန့်သတ်ခံရသူကို တိုင်းတာခြင်းပုံစံ

၃။ နဖူးရှေ့တည့်တည့်ကိုမတိုင်းပဲ နဖူးညာဘက်ဘေး (သို့မဟုတ်) ဘယ်ဘက်ဘေးနေရာကို တိုင်းပါ။




(ပုံ- ၃) အပူချိန်တိုင်းတာရမည့်နေရာ

၄။ အပူချိန်တိုင်းကိရိယာ၏ အသုံးပြုရန်အညွှန်းတွင် ဖော်ပြထားသည့်အတိုင်း အဖြေကိုဖတ်ပါ။

**မှတ်ချက်**

- **အပူချိန်တိုင်းတာမည့်သူများ**အနေဖြင့် ကိုယ်ဝန်ဆောင်ထားခြင်း၊ နာတာရှည်ရောဂါများရှိခြင်း (ဥပမာ- သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါ၊ ကင်ဆာရောဂါများ )နှင့် အသက် (၆၀) နှစ်နှင့် အထက်ရှိသူများဖြစ်ပါက အပူချိန်တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း မပြုလုပ်ရပါ။

- **အပူချိန်တိုင်းတာခြင်းခံရမည့် ပြည်သူများ**အနက် ကိုယ်ဝန်ဆောင်ထားခြင်း၊ နာတာရှည်ရောဂါများရှိခြင်း (ဥပမာ- သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါ၊ ကင်ဆာရောဂါများ) နှင့် အသက် (၆၀) နှစ်နှင့် အထက်ရှိသူများပါရှိပါက အခြားသူများနှင့် ရောနှော၍ အပူချိန်တိုင်းတာခြင်း မပြုသင့်ပါ။
- ဖြစ်နိုင်ပါက သီးသန့်နေရာခွဲခြား၍ တိုင်းတာခြင်း (သို့မဟုတ်) အုပ်စုခွဲခြား၍ တိုင်းတာခြင်းများ ပြုလုပ်ရပါမည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
(၄-၅-၂၀၂၀)

အထွေထွေရွေးကောက်ပွဲ ကျင်းပရာတွင် COVID-19 ရောဂါ
ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့်အညီ အောင်မြင်စွာကျင်းပနိုင်ရန်အတွက် သတင်းမီဒီယာများ
လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်
(Version-1.0)

Updated as of (31.8.2020)

## အထွေထွေရွေးကောက်ပွဲ ကျင်းပရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အခန်းကဏ္ဍနှင့် သတင်းမီဒီယာများ၏ အခန်းကဏ္ဍ

(၂၀၂၀)ပြည့်နှစ်၊ နိုဝင်ဘာလ (၈)ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို ကျင်းပရာတွင် COVID-19 ကူးစက်ဖြစ်ပွားမှုမရှိစေရေးအတွက် ဦးစားပေးဆောင်ရွက် သွားမည်ဖြစ်ရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း များနှင့်အညီ အောင်မြင်စွာကျင်းပနိုင်ရန်အတွက် အထွေထွေရွေးကောက်ပွဲကော်မရှင်အား လိုအပ်သည့် အကြံပြုချက်များပေးခြင်း၊ ရောဂါကာကွယ်ရေးလုပ်ငန်းများအား ကြီးကြပ်ဆောင်ရွက်ခြင်း၊ စေတနာ့ ဝန်ထမ်း၊ ကျန်းမာရေးဝန်ထမ်းများနှင့် မဲရုံတာဝန်ကျဝန်ထမ်းများအား သင်တန်းပေးလေ့ကျင့်ခြင်း၊ ပြည်သူလူထုအား ကျန်းမာရေးအသိပညာပေးခြင်းနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သတင်းမီဒီယာများသည် မဲဆန္ဒရှင်အများစုအတွက် ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက် များကို ထပ်ဆင့်ဖြန့်ဝေသည့် အရင်းအမြစ်တစ်ခုဖြစ်ပါသည်။ ထို့ကြောင့် သတင်းမီဒီယာများအနေဖြင့် ရွေးကောက်ပွဲ မည်သို့ကျင်းပမည်၊ ပါတီများနှင့် ကိုယ်စားလှယ်လောင်းများ မည်သို့ယှဉ်ပြိုင်ကြမည်ကို အများပြည်သူသို့ သတင်းအချက်အလက်ပေးရန် တာဝန်ရှိကြောင်းကို သိရှိရပါသည်။ ထိုတာဝန်များ ထမ်းဆောင်ရာတွင် COVID-19 ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားစဉ်ကာလနှင့် တိုက်ဆိုင်နေသည်ဖြစ်ရာ မီဒီယာ များအနေဖြင့် COVID-19 ရောဂါကာကွယ်နိုင်ရေးလိုက်နာရမည့်စည်းကမ်းချက်များကို အတိအကျလိုက်နာ ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ဤလုပ်ငန်းလမ်းညွှန်ကို ပြုစု ရေးသားခြင်းဖြစ်ပါသည်။

## ရွေးကောက်ပွဲကာလအတွင်း သတင်းမီဒီယာများအနေဖြင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် COVID-19 ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် လိုက်နာရန်အချက်များ

### (၁) ရွေးကောက်ပွဲ မကျင်းပမီကာလ -

(၁-က) ရွေးကောက်ပွဲကျင်းပရာတွင် COVID-19 ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မီဒီယာများအနေဖြင့် လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များအား သေချာစွာသိရှိနိုင်ရေးအတွက်

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ အခြားဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(၁-ခ) မီဒီယာများအနေဖြင့် မဲရုံအတွင်းသတင်းယူမည့် လူအရေအတွက်အား မဖြစ်မနေရှိရမည့် အနည်းဆုံး လာရောက်ရမည့်အရေအတွက် သတ်မှတ်ခြင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အဆင့်ရွေးကောက်ပွဲကော်မရှင်၊ ဌာနဆိုင်ရာများ ပါဝင်ဖွဲ့စည်းထားသောကော်မတီများနှင့် သက်ဆိုင်ရာဒေသ/မဲရုံအလိုက် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရန်နှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(၁-ဂ) မဲရုံများတွင် တာဝန်ထမ်းဆောင်မည့်ဝန်ထမ်းများနှင့် သတင်းမီဒီယာများအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ သင်တန်းပေးရာတွင် ကျန်းမာရေးကိစ္စရပ်များနှင့်ပတ်သက်သည့် လိုက်နာရမည့်အချက်အလက်များအား ဆွေးနွေးပို့ချနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရန်၊

(၁-ဃ)သတင်းမီဒီယာများအနေဖြင့် ပါးစပ်နှင့်နှာခေါင်းစည်း (Mask) စနစ်တကျ တပ်ဆင်နည်း၊ ဆပ်ပြာနှင့် ရေကို အသုံးပြု၍ လက်ကို စက္ကန့် (၂၀) ကြာအောင် မကြာခဏ စနစ်တကျ လက်ဆေးနည်း၊ အယ်လ်ကိုဟော အနည်းဆုံး (၆၀) % ပါဝင်သော လက်သန့်စင်ဆေးရည်များ စနစ်တကျ အသုံးပြုနည်းနှင့် တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၆) ပေ အကွာ ခပ်ခွာခွာနေထိုင်ခြင်း စသည့် COVID-19 ကာကွယ်ရေး လိုက်နာရမည့် အခြေခံစည်းမျဉ်းစည်းကမ်းများကို အတိအကျလိုက်နာရန်၊

(၁-င) ပြည်သူတို့အတွက် ဆန္ဒမဲပေးရာတွင်လိုက်နာရမည့် COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ သိကောင်းစရာများကို ပြန်ကြားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့နှင့် ချိတ်ဆက်ထုတ်ပြန်ရာတွင် ပူးပေါင်းဆောင်ရွက်ရန်၊

(၁-စ) ရွေးကောက်ပွဲကာလအတွင်း ပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်စွာ ဆန္ဒမဲပေးနိုင်ရန်အတွက် ဆောင်ရွက်ထားရှိမှုများ၊ ကျန်းမာရေးဆိုင်ရာ မှန်ကန်သောသတင်းအချက်အလက်များ ဖြန့်ဝေခြင်း၊ သတင်းအမှားများနှင့် ကောလာဟလများတိုက်ဖျက်ခြင်းတို့ ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

**(၂) ရွေးကောက်ပွဲ မဲဆွယ်ကာလ**

(၂-က) မဲဆွယ်စည်းရုံးရာတွင် COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အချိန်နှင့် တပြေးညီ ထုတ်ပြန်ခဲ့သောအမိန့်များ၊ ထပ်မံထုတ်ပြန်သည့်အမိန့်နှင့် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရန်၊

(၂-ခ) ရွေးကောက်ပွဲမဲဆွယ်ကာလအတွင်း COVID-19 ရောဂါဖြစ်ပွားမှုပေါ်မူတည်၍ ထုတ်ပြန်ထားသော ဒေသန္တရ အမိန့်များနှင့်အညီ ဆောင်ရွက်ရန်၊

(၂-ဂ) ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက် အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း စသည့် COVID-19 ရောဂါ သံသယလက္ခဏာများရှိခြင်း (သို့မဟုတ်) လွန်ခဲ့သည့် (၁၄) ရက် အတွင်း COVID-19 ရောဂါ ဖြစ်ပွားရာဒေသများသို့ ခရီးသွားရောက်ခဲ့ခြင်း (သို့မဟုတ်) လွန်ခဲ့သည့် (၁၄) ရက်အတွင်း COVID-19 ရောဂါ အတည်ပြုလူနာများနှင့် ထိတွေ့မှုရှိသူ ဖြစ်ခြင်းတို့ရှိခဲ့ပါက သတင်းမီဒီယာများတွင် တာဝန်ရှိသူများအနေဖြင့် အဆိုပါပုဂ္ဂိုလ်အား သတင်း လုံးဝ(လုံးဝ) သွားရောက် မယူစေရေး ကြိုတင်ပြောကြား ကြီးကြပ်ဆောင်ရွက်ပေးပါရန်၊

(၂-ဃ) သတင်းမီဒီယာများအနေဖြင့် ပါးစပ်နှင့်နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ (Face Shield)၊ လက်အိတ် (Glove)များ စနစ်တကျ အသုံးပြုရန်၊ ဆပ်ပြာနှင့် ရေကို အသုံးပြု၍ လက်ကို စက္ကန့် (၂၀) ကြာအောင် မကြာခဏ စနစ်တကျ လက်ဆေးရန် (သို့မဟုတ်) အယ်လ်ကိုဟော အနည်းဆုံး (၆၀) ရာခိုင်နှုန်းပါသော လက်သန့်စင်ဆေးရည်ကို (Hand Sanitizer) များဖြင့် မကြာခဏ လက်သန့်စင်ခြင်းစသည့် COVID-19 ကာကွယ်ရေးလိုက်နာရမည့် အခြေခံစည်းမျဉ်းစည်းကမ်းများကို အတိအကျလိုက်နာရန်၊

(၂-င) သတင်းရယူခြင်း လုပ်ငန်းများကို ဆောင်ရွက်ရာတွင် Social Distancing မူအရ ခပ်ခွာခွာ နေထိုင်ခြင်းကို လိုက်နာရန်၊ လူစုလူဝေးဖြစ်စေခြင်းကို လုံးဝရှောင်ကြဉ်ရန်၊ သတင်းမီဒီယာများ အနေဖြင့် လက်ဆွဲနှုတ်ဆက်ခြင်း၊ ပွေ့ဖက်ခြင်းတို့ကို လုံးဝမပြုလုပ်ရန်၊

(၂-စ) သတင်းရယူရာတွင် အသုံးပြုမည့်ပစ္စည်းများ (ဥပမာ- မိုက်ကရိုဖုန်းများ၊ အသံဖမ်းစက်များ၊ ကင်မရာများ) အား တစ်ကြိမ်အသုံးပြုပြီးတိုင်း ပြန်လည်၍ ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းများကို မဖြစ်မနေ ဆောင်ရွက်ရန်၊

(၂-ဆ) အသုံးပြုပြီး ပစ္စည်းများ၊ အမှိုက်များအား စနစ်တကျစွန့်ပစ်စေရန်၊

(၂-ဇ) သတင်းမီဒီယာများအနေဖြင့် နေ့အလိုက် သွားရောက်သည့်နေရာများနှင့် လိုက်ပါသူများအား မှတ်တမ်းထားရှိရန်၊ လိုက်ပါသူများအနက် တစ်ဦးဦးတွင် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက် အနံ့အရသာပျောက်ခြင်းစသည့် COVID-19 ရောဂါ သံသယလက္ခဏာများဖြစ်ပွားပါက သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်သို့ သတင်းပေးပို့၍ နီးစပ်ရာမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန တွင် လိုအပ်သောကျန်းမာရေးစစ်ဆေးမှုခံယူစေရန်၊ ၎င်းပုဂ္ဂိုလ်နှင့်အနီးကပ်ထိတွေ့ခဲ့သူ ကျန်အဖွဲ့ဝင်များ၏ သတင်းရယူခြင်း လုပ်ငန်းလုပ်ဆောင်နေမှုအား ခေတ္တရပ်ဆိုင်းစေ၍ ၎င်းတို့အား သက်ဆိုင်ရာမှ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်စေရန်၊

(၂-ဈ) သတင်းမီဒီယာများအနေဖြင့် သတင်းယူမည့်နေရာသို့ သွားရောက်ရာတွင် အများသုံးယာဉ်၊ မီနီဘတ်စ်၊ ကိုယ်ပိုင်ယာဉ် စသည်ဖြင့် အသုံးပြုသွားရောက်ရာတွင် ကျန်းမာရေးနှင့်အားကစား

ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့်လမ်းညွှန်ချက်များအတိုင်း အတိအကျလိုက်နာဆောင်ရွက်ပေးရန်၊

**(၃) ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲလွန်ကာလ**

(၃-က) ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက် အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း စသည့် COVID-19 ရောဂါ သံသယလက္ခဏာများရှိခြင်း (သို့မဟုတ်) လွန်ခဲ့သည့် (၁၄) ရက်အတွင်း COVID-19 ရောဂါ ဖြစ်ပွားရာဒေသများသို့ ခရီးသွားရောက်ခဲ့ခြင်း (သို့မဟုတ်) လွန်ခဲ့သည့် (၁၄) ရက်အတွင်း COVID-19 ရောဂါ အတည်ပြုလူနာများနှင့် ထိတွေ့မှုရှိသူ ဖြစ်ခြင်းတို့ရှိခဲ့ပါက မဲရုံများတွင် သတင်းရယူရန် သွားရောက်ခြင်းမှ လုံးဝ ရှောင်ကြဉ်ပါရန်၊

(၃-ခ) သတင်းမီဒီယာများအနေဖြင့် သတင်းယူမည့်နေရာသို့ သွားရောက်ရာတွင် အများသုံးယာဉ်၊ မီနီဘတ်စ်၊ ကိုယ်ပိုင်ယာဉ် စသည်ဖြင့် အသုံးပြုသွားရောက်ရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့်လမ်းညွှန်ချက်များအတိုင်း အတိအကျလိုက်နာဆောင်ရွက်ပေးရန်၊

(၃-ဂ) မီဒီယာများအနေဖြင့် မဲရုံအတွင်းသတင်းယူရာတွင် ကြိုတင်ခွင့်ပြုချက်ရထားသည့် လူအရေအတွက်အတိုင်းသာ ဝင်ရောက်သတင်းယူရန်၊

(၃-ဃ) မဲရုံအတွင်းသို့ ဝင်ရောက်သည့်အခါ သက်ဆိုင်ရာဝန်ထမ်းများမှ အဖျားတိုင်းတာခြင်းကို ပူးပေါင်းဆောင်ရွက်ပေးရန်၊

(၃-င) သတင်းမီဒီယာများအနေဖြင့် ပါးစပ်နှင့်နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ (Face Shield)၊ လက်အိတ် (Glove)များ စနစ်တကျ အသုံးပြုရန်၊ ဆပ်ပြာနှင့် ရေကို အသုံးပြု၍ လက်ကို စက္ကန့် (၂၀) ကြာအောင် မကြာခဏ စနစ်တကျ လက်ဆေးရန် (သို့မဟုတ်) အယ်လ်ကိုဟော အနည်းဆုံး (၆၀) ရာခိုင်နှုန်းပါသော လက်သန့်စင်ဆေးရည်ကို (Hand Sanitizer) များဖြင့် မကြာခဏ လက်သန့်စင်ခြင်းစသည့် COVID-19 ကာကွယ်ရေးလိုက်နာရမည့် အခြေခံစည်းမျဉ်းစည်းကမ်းများကို အတိအကျလိုက်နာရန်၊

(၃-စ) သတင်းရယူခြင်း လုပ်ငန်းများကို ဆောင်ရွက်ရာတွင် Social Distancing မူအရ ခပ်ခွာခွာနေထိုင်ခြင်းကို လိုက်နာရန်၊ လူစုလူဝေးဖြစ်စေခြင်းကို လုံးဝရှောင်ကြဉ်ရန်၊ သတင်းမီဒီယာများအနေဖြင့် လက်ဆွဲနှုတ်ဆက်ခြင်း၊ ပွေ့ဖက်ခြင်းတို့ကို လုံးဝမပြုလုပ်ရန်၊

(၃-ဆ) သတင်းရယူရာတွင် အသုံးပြုမည့်ပစ္စည်းများ (ဥပမာ- မိုက်ကရိုဖုန်းများ၊ အသံဖမ်းစက်များ၊ ကင်မရာများ) အား တစ်ကြိမ်အသုံးပြုပြီးတိုင်း ပြန်လည်၍ ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းများကို မဖြစ်မနေ ဆောင်ရွက်ရန်၊

(၃-ဇ) အသုံးပြုပြီး ပစ္စည်းများ၊ အမှိုက်များအား စနစ်တကျစွန့်ပစ်စေရန်၊

(၃-ဈ) သတင်းမီဒီယာများအနေဖြင့် မဲပေးမည့်နေ့တွင် သွားရောက်သည့်နေရာများနှင့် သတင်းယူရန် တာဝန်ကျသည့်သူများအား မှတ်တမ်းထားရှိရန်၊ ၎င်းတို့အနက် တစ်ဦးဦးတွင် ဖျားခြင်း၊ ချောင်းဆိုး ခြင်း၊ ရုတ်တရက် အနံ့အရသာပျောက်ခြင်းစသည့် COVID-19 ရောဂါ သံသယလက္ခဏာများ ဖြစ်ပွားပါက သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်သို့ သတင်းပေးပို့၍ နီးစပ်ရာ မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနတွင် လိုအပ်သောကျန်းမာရေး စစ်ဆေးမှုခံယူစေရန်၊ ၎င်းပုဂ္ဂိုလ်နှင့် အနီးကပ် ထိတွေ့ခဲ့သူ ကျန်အဖွဲ့ဝင်များ၏ သတင်းရယူခြင်း လုပ်ငန်းလုပ်ဆောင်နေမှုအား ခေတ္တရပ်ဆိုင်း စေ၍ ၎င်းတို့အား သက်ဆိုင်ရာမှ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်စေရန်၊

(၃-ည) ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ထူးခြားဖြစ်စဉ်များ ဖြစ်ပွားပါက သတင်းထုတ်ပြန်ရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့နှင့် ပူးပေါင်း ဆောင်ရွက်၍ သတင်းအတည်ပြုချက်ရယူရန်၊

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
(၃၁-၈-၂၀၂၀)

၁၃။ မဲရုံများတွင် ကျန်းမာရေးဆိုင်ရာစံသတ်မှတ်ချက်နှင့် အညီဆောင်ရွက်နိုင်ရန် ပြင်ဆင်ထား ရှိရမည့် စံပြပုံစံ

နောက်ဆက်တွဲ (က) - Covid-19 ကူးစက်ရောဂါ ကာကွယ်၍ လုံလောက်သောအကွာအဝေးဖြင့် နေရာခြားကာ မဲပေးခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်

